## ခရစ်ယာန်အသက်တာ၊ အသင်းတော်အသက်တာ၊ ခေတ်ကာလ၏ပြီးမြောက်ပြည့်စုံခြင်းနှင့် သခင်ဘုရား၏ကြွလာခြင်း

(Saturday—Evening Session)

Message Six

# ခရစ်တော်ကိုယ်ခန္ဓာတော် စစ်မှန်ခြင်း၏ ပင်ကိုမူလ ပုံဆောင်ချက် – ဘုရားသခင့်စီမံကိန်းရှိ အမြင့်ဆုံးအထွတ်အထိပ်နှင့် သမ္မာကျမ်းစာ၏ အထွက်အထိပ်ဖွင့်ပြခြင်း အထဲသို့ ဝင်ရောက်ခြင်း

ဖတ်ရန်ကျမ်း။ ။ဗျာ၊၂၁း၁၀၊ ၂၂–၂၃။ ၃း၃–၅၊ ၉။ ၁ကော၊၁၂း၁၂၊ ၂၄–၂၇။ ၂ကော၊၁၁း၂၀–၂၉။ ရော၊၁၂း၃–၅

**I. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် ပညာ၏ဝိညာဉ်နှင့် ဖွင့်ပြခြင်းမှတစ်ဆင့် ဖွင့်ပြထားသည့် ဘုရားသခင်၏စီမံကိန်း၌ အမြင့်အဆုံးအထွတ်အထိပ်နှင့် သမ္မာကျမ်းစာ၏အထွတ်အထိပ် ဖွင့်ပြချက်ဖြစ်သည် – ဧဖေ၊၁း၁၇၊ ၂၂–၂၃။**

က။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းကို သိရန်နှင့် ဘုရားသခင်၏စိတ်နှလုံးအလိုဆန္ဒနှင့် ကိုယ်တော်၏ အဆုံးစွန်သော ရည်ရွယ်ချက်ဖြစ်သည့် ခရစ်တော်ကိုယ်ခန္ဓာတော် စစ်မှန်ခြင်း၏ နယ်ပယ်နှင့် ပင်ကိုမူလ ပုံဆောင်ချက်အထဲသို့ ဝင်ရောက်ရန်အတွက် ဖွင့်ပြခြင်းကို လိုအပ်သည် – အငယ်၊၅၊ ၉–၁၁၊ ၂၂–၂၃။ ရော၊၁၂း၁–၂။

ခ။ ဘုရားသခင်ထံမှ ဖွင့်ပြခြင်းကသာလျှင် ကျွန်ုပ်တို့ကို ခရစ်တော်ကိုယ်ခန္ဓာတော် စစ်မှန်ခြင်း၏ နယ်ပယ်အထဲသို့ ခေါ်ဆောင်ပေးနိုင်ကာ၊ ထိုအခါမှသာလျှင် ကိုယ်ခန္ဓာတော်သည် ကျွန်ုပ်တို့၏ အတွေ့အကြုံ ဖြစ်လာနိုင်မည်ဖြစ်သည် – တ၊၉း၁–၅၊ ၁၅။ ၂၆း၁၀–၁၉။ ဧဖေ၊၁း၁၇–၂၃။ ၃း၃–၅၊ ၉။ ၁ကော၊၁၂း၁၂။

ဂ။ ဘုရားသခင်၏ အဆုံးစွန်သော ရည်ရွယ်ချက်၏ ကောင်းကင်ဆိုင်ရာမြင်ကွင်းကို မြင်ခြင်း၏ လျှို့ဝှက်ချက်မှာ ကျွန်ုပ်တို့က ၎င်းကို မြင်ခြင်းငှာ အဖိုးအခပေးဖို့ လိုလားဆန္ဒရှိခြင်းပင်ဖြစ်သည် – မ၊၅း၃၊ ၈။ ၆း၂၂။ ဆာ၊၂၅း၉၊ ၁၄။ ဗျာ၊၃း၁၈။

**II. ဇိအုန်အားဖြင့် ပုံဆောင်ထားသည့် အောင်မြင်သောသူများသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်ကာ၊ ထာဝရကာလ၌ ဘုရားသခင်၏ကိန်းဝပ်ရာနေရာအဖြစ် အသန့်ရှင်းဆုံးဌာနတော်တည်းဟူသော ပြီးမြောက်ပြည့်စုံသော သန့်ရှင်းသောမြို့တော်၊ ယေရုရှလင်မြို့သစ်ကို ယူဆောင်လာခြင်းငှာ ဒေသန္တရအသင်းတော်များ၌ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းကို ပြီးမြောက်ပြည့်စုံစေကြသည်။ ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ယေရုရှလင်မြို့သစ်တစ်ခုလုံးသည် ယုံကြည်သူများအားလုံး အောင်မြင်သောသူများဖြစ်ခြင်းနှင့်အတူ ဇိအုန်ဖြစ်လာလိမ့်မည်ဖြစ်သည် – ၂၁း၁–၃၊ ၇၊၁၆၊ ၂၂။**

က။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအဖြစ် ဇိအုန်အားဖြင့် ပုံဆောင်ထားသည့် အောင်မြင်သောသူများသည် အသင်းတော်၏ အမြင့်ဆုံးအထွတ်အထိပ်၊ အလယ်ဗဟို၊ မြှင့်တင်ရာ၊ ခွန်အားသန်စွမ်းခြင်း၊ ကြွယ်ဝခြင်း၊ လှပခြင်းနှင့် စစ်မှန်ခြင်းဖြစ်သည် – ဆာ၊၄၈း၂၊ ၁၁–၁၂။ ၅၀း၂။ ၂၀း၂။ ၅၃း၆က။

ခ။ ယေရုရှလင်မြို့သစ် (အသင်းတော်) ၏ ဝိသေသလက္ခဏာ၊ အသက်၊ ကောင်းချီးမင်္ဂလာနှင့် တည်ရှိခြင်းမှာ ဇိအုန် (အောင်မြင်သောသူများ) မှ လာခြင်းဖြစ်သည်။

၁။ ၁ဘုရင်၊၈း၁ ၌ အသက်ကြီးသူများသည် ယေရုရှလင်မြို့တွင် ရှိပြီး၊ ပဋိညာဉ်သေတ္တာတော်သည် ဇိအုန်၌ရှိကြောင်း တွေ့ရသည်။

၂။ ဆာလံ၊၅၁း၁၈ တွင် ဘုရားသခင်သည် ဇိအုန်အဖို့ ကိုယ်တော်၏ ကောင်းသောကျေနပ်ရာကို ပြုကာ၊ ယေရုရှလင်မြို့ရိုးကို တည်ဆောက်ကြောင်း ပြောထားသည်။

၃။ ဆာလံ၊၁၀၂း၂၁ တွင် ဇိအုန်၌ ယေဟောဝါ၏ နာမတော်ကို ကြေညာခြင်းရှိ၍၊ ယေရုရှလင်မြို့၌ ကိုယ်တော်ကို ချီးမွမ်းခြင်း ရှိကြောင်း ပြောထားသည်။

၄။ ဆာလံ၊၁၂၈း၅ တွင် ယေဟောဝါသည် ဇိအုန်မှ ကောင်းချီးပေး၍ ယေရုရှလင်မြို့၌ ကောင်းကျိုးကို မြင်ရကြောင်း ပြောထားသည်။

၅။ ဆာလံ၊၁၃၅း၂၁ တွင် ယေဟောဝါသည် ယေရုရှလင်မြို့၌ ကိန်းဝပ်တော်မူသော်လည်း၊ ဇိအုန်မှ ကောင်းချီးမင်္ဂလာကို ခံယူတော်မူကြောင်း ပြောထားသည်။

၆။ ဟေရှာယ၊၄၁း၂၇ တွင် စကားတော်အား ဇိအုန်သို့ ဦးစွာ ကြေညာခြင်းရှိကာ၊ ထိုနောက် ယေရုရှလင်မြို့သို့ ဟောပြောခြင်းရှိကြောင်း ပြောထားသည်။

၇။ ယောလ၊၃း၁၇ တွင် ဘုရားသခင်သည် ဇိအုန်၌ ကိန်းဝပ်သောအခါ၊ ယေရုရှလင်မြို့သည် သန့်ရှင်းရလိမ့်မည်ဖြစ်ကြောင်း

ပြောထားသည်။

ဂ။ ယနေ့ ဘုရားသခင်သည် ကျရှုံးနေသော အသင်းတော်အလယ်၌ ဇီအုန်တောင်ပေါ်တွင် ရပ်နေမည့်သူများဖြစ်သည့်သူ တစ်သိန်းလေးသောင်းလေးထောင်တို့ကို ရှာဖွေနေသည် – ဗျာ၊၁၄း၁–၅။

ဂ။ ဘုရားသခင်သည် အသင်းတော်ထံ အသက်၏စီးကြောင်းကို လက်ဆင့်ကမ်းရန်နှင့် အသင်းတော်ကို နိုးကြားစေရန် ယုံကြည်သူ အရေအတွက် အနည်းငယ်ကို အမြဲအသုံးပြုလေ့ရှိသည်။ အသင်းတော်၏ ကိုယ်စားအနေဖြင့် အောင်မြင်သောသူများသည် ဒုက္ခဆင်းရဲခြင်းများအလယ်၌ ခရစ်တော်၏ အောင်မြင်ခြင်းတွင် ရပ်တည်ကြသည်။ ကျွန်ုပ်တို့သည် ခရစ်တော်အားဖြင့် အနိုင်ယူခြင်း၊ သိမ်းသွားခြင်း၊ အောင်နိုင်ခြင်းခံရန် ကျွန်ုပ်တို့ကိုယ်ကို အခွင့်ပေးခြင်းငှာ ကျွန်ုပ်တို့၌ လိုလားဆန္ဒရှိရန် ဘုရားသခင်သည် ပြုပြင်လုပ်ဆောင်ပါမည့်အကြောင်း တောင်းလျှောက်ရမည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အတွေ့အကြုံ၌ အောင်နိုင်သောအရှင်ဖြစ်နိုင်မည်ဖြစ်သည် – ဖိ၊၂း၁၃။ ၂ကော၊၂း၁၂–၁၄။

ဃ။ ပုံဆောင်ချက်၌ အောင်မြင်သောသူများ၊ စုံလင်ခြင်းရှိ၍ ရင့်ကျက်ခြင်းရှိသော ဘုရား–လူများသည် ယနေ့၏ ယေရုရှလင် (အသင်းတော်အသက်တာ) အတွင်းရှိ ယနေ့၏ ဇီအုန်ဖြစ်ကြသည် – ဟေဗြဲ၊၁၂း၂၂။ ဗျာ၊၁၄း၁–၅။

၁။ အသင်းတော်အသက်တာအတွင်း၌ အောင်မြင်သောသူများအုပ်စုတစ်စု ရှိရမည်ဖြစ်ပြီး၊ ဤအောင်မြင်သောသူများ သည် ယနေ့၏ဇီအုန်ဖြစ်သည်။

၂။ ဇီအုန် (အောင်မြင်သောသူများ) မရှိဘဲ၊ ယေရုရှလင် (အသင်းတော်အသက်တာ) သည် စောင့်ထိန်းခြင်းနှင့် တည်မြဲခြင်း ရှိနိုင်မည် မဟုတ်ပါ။ ဒေသန္တရအသင်းတော်၌ အောင်မြင်သောသူများ မရှိလျှင် ထိုအသင်းတော်သည် ဇီအုန်မရှိသော ယေရုရှလင်နှင့် တူပေမည်။ ၎င်းသည် ပြားကပ်နေသည့် တာယာကဲ့သို့ ဖြစ်နေလိမ့်မည်။

င။ သခင်ဘုရား၏ပြန်လည်ရယူခြင်းသည် ဇီအုန် – ယေရုရှလင်မြို့သစ်တွင် ပြီးမြောက်ပြည့်စုံသည့် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည့် အောင်မြင်သောသူများကို တည်ဆောက်ရန် ဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ယနေ့၏ ဇီအုန်သို့ ရောက်ရှိသည့်တိုင်အောင် အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည် – ဧ၊၁း၂၂–၂၃။ ၄း၁၆။ ၁ကော၊၁း၂။ ၁၂း၂၇။ ဗျာ၊၁၄း၁။ ၂၁း၂။ ဆာ၊၈၄း၅။

စ။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းသည် စုံလင်ခံရသော ဘုရား–လူများ၊ အောင်မြင်သောသူများအားဖြင့် စုပေါင်း အသက်ရှင်ခြင်းဖြစ်ကာ၊ ထိုသူတို့မှာ မိမိတို့အသက်အားဖြင့် အသက်မရှင်ဘဲ၊ အဆင့်ဖြတ်ကျော်သော ဘုရားသခင်၏ အသက် အားဖြင့် အသက်ရှင်ကာ၊ ကိုယ်တော်၏ ဂုဏ်အင်လက္ခဏာများကို သူတို့၏ ကောင်းမြတ်ခြင်းများမှတစ်ဆင့် ထင်ရှားစေခဲ့ကြ သည့်သူများဖြစ်သည် – ဖိ၊၄း၅–၉။

၁။ သခင်ဘုရားသည် ဒေသန္တရအသင်းတော်များ၌ ထင်ရှားခြင်းရှိရန် ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအဖြစ် ဘုရား–လူအသက်တာဖြင့် အသက်ရှင်သော အောင်မြင်သောသူများကို အရေးတကြီး လိုအပ်နေသည်။ ကိုယ်ခန္ဓာတော် ၏ တိကျခိုင်မာသည့် ထင်ရှားခြင်းမရှိလျှင် သခင်ယေရှုသည် ပြန်ကြွလာနိုင်မည်မဟုတ်ပါ – ဧ၊၁း၂၂–၂၃။ ၄း၁၆။ ၅း၂၇၊ ၃၀။ ဗျာ၊၁၉း၇။

၂။ သခင်ဘုရားသည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ကို ရရှိရန်နှင့် ကိုယ်တော်၏ ရန်သူကို ဖျက်ဆီးရန်အလို့ငှာ ဘုရားသခင်၏ စီမံကိန်းကို သယ်ဆောင်မည့် အောင်မြင်သောသူများကို လိုအပ်နေသည်။ အောင်မြင်သောသူများမရှိလျှင် ခရစ်တော်၏ ကိုယ်ခန္ဓာတော်သည် တည်ဆောက်ခြင်း မရှိနိုင်ပါ၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်း မရှိလျှင် ခရစ်တော် သည် ကိုယ်တော်၏ သတို့သမီးအတွက် ပြန်ကြွလာနိုင်မည်မဟုတ်ပေ – ဧ၊၁း၁၀။ ၃း၁၀။ ဗျာ၊၁၂း၁၁။ ၁၉း၇–၉။

## III. ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်း၌ အခြားအင်္ဂါဝင်များနှင့် အတူတကွ အသက်ရှင်ခြင်းရှိရန်အလို့ငှာ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အသိစိတ် ရှိရန် လိုအပ်သည် – ၁ကော၊၁၂း၂၄–၂၇။ ၂ကော၊ ၁၁း၂၈–၂၉။

က။ "ညီအစ်ကိုနီးက ကိုယ်ခန္ဓာတော်အကြောင်းကို သွန်သင်သောအခါ သူက ကျွန်ုပ်တို့မည်သည့်အရာကို လုပ်ဆောင်သည်ဖြစ် စေ၊ ၎င်းကို အသင်းတော်များက မည်သို့ခံစားလိမ့်မည်ကို ဆင်ခြင်ရမည်ဖြစ်ကြောင်း ပြောခဲ့သည်" – *The Problems Causing the Turmoils in the Church Life,* pp. 28-29.

ခ။ ကိုယ်ခန္ဓာတော်၌ သီးခြားလွတ်လပ်မှု သို့မဟုတ် တစ်သီးပုဂ္ဂလဖြစ်ခြင်း မရှိနိုင်ပါ၊ အကြောင်းမှာ ကျွန်ုပ်တို့သည် အင်္ဂါဝင်များ ဖြစ်ကြပြီး၊ အင်္ဂါဝင်များသည် ကိုယ်ခန္ဓာတော်မှ သီးခြားခွဲထားလျက် အသက်မရှိနိုင်ပါ – ၁ကော၊၁၂း၂၇။ ရော၊၁၂း၅။ ဧ၊၅း၃၀။

ဂ။ ကျွန်ုပ်တို့၌ရှိသမျှအားလုံးဖြင့် အသက်ရှင်ခြင်းမှာ ကိုယ်ခန္ဓာတော်၌၊ ကိုယ်ခန္ဓာတော်မှတစ်ဆင့်၊ ကိုယ်ခန္ဓာတော်အတွက်ဖြစ် သည်။ ဤသည်မှာ ယနေ့ ဘုရားသခင်ရှာဖွေနေသည့် ပုဂ္ဂိုလ်အမျိုးအစားဖြစ်သည်။ သခင်ဘုရားသည် ကျွန်ုပ်တို့အား

တစ်သီးပုဂ္ဂလဖြစ်ခြင်းမှ ကယ်နုတ်ပေးပါစေသော။

ဃ။ မိမိတို့သည် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များဖြစ်ကြောင်းကို မြင်သောသူတို့သည် ကိုယ်ခန္ဓာတော်ကို တန်ဖိုးထားကာ၊ အင်္ဂါဝင်အချင်းချင်းကိုလည်း ရိုသေလေးစားကြသည်။ ခရစ်တော်၏ ကိုယ်ခန္ဓာတော်၌ အယောက်စီတိုင်းသည် အင်္ဂါဝင်များဖြစ်ကြပြီး၊ အင်္ဂါဝင်တစ်ဦးဖြစ်ခြင်းထက် မပိုပါ။ ထို့ကြောင့် မည်သည့်အင်္ဂါဝင်မျှ အခြားအင်္ဂါဝင်များမပါရှိဘဲ အသက်မရှင်နိုင်သလို၊ သူတို့ကို အထင်အမြင်သေး၍လည်း မရပါ – ၁ကော၊၁၂း၁၅၊ ၂၁၊ ၂၃–၂၄။ ရော၊၁၂း၃။ ဖိ၊၂း၂၈။ ၁ကော၊၁၆း၁၀။ သုကြီး၊၉း၉။

င။ အင်္ဂါဝင်တိုင်းသည် လုပ်ဆောင်ချက် ရှိကြပြီး၊ လှုပ်ရှားလုပ်ဆောင်ချက်အားလုံးသည် ကိုယ်ခန္ဓာတော်အတွက်ဖြစ်သည်။ အင်္ဂါဝင်တစ်ဦး၏ လုပ်ဆောင်ချက်သည် ကိုယ်ခန္ဓာတော်တစ်ခုလုံး၏ လုပ်ဆောင်ချက်ဖြစ်သည်။ ဤအကြောင်းကြောင့် ကျွန်ုပ်တို့သည် အခြားအင်္ဂါဝင်များကို အတုခိုးခြင်း သို့မဟုတ် အခြားအင်္ဂါဝင်များထံမှ လိုချင်တပ်မက်မှုရှိခြင်းတို့ မပြုသင့်ပါ (၁ကော၊၁၂း၁၅)။ တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့သည် အခြားအင်္ဂါဝင်များကို အထင်သေးကာ၊ ကျွန်ုပ်တို့ကိုယ်ကို ပို၍ကောင်းသည်၊ ပို၍ အသုံးဝင်သည်ဟု ထင်မှတ်ခြင်းလည်း မရှိသင့်ပါ (အငယ်၊၂၁)။ ယုံကြည်သူအယောက်တိုင်းသည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်အသီးသီးဖြစ်ပြီး၊ ယုံကြည်သူအယောက်တိုင်းသည် မရှိမဖြစ်လိုအပ်ကြသည်။

စ။ ကောလောသဲ၊၄း၇–၁၇ ရှိ ပေါလုဖော်ပြခဲ့သည့် အမည်များအားလုံးမှာ သူ၌ လူသစ်တစ်ဦးဖြစ်သည့် ကိုယ်ခန္ဓာတော်၏ အာရုံခံစားမှု၊ အသိစိတ် ရှိကြောင်း ညွှန်ပြနေသည်။

၁။ အမည်များအားလုံးက အသင်းတော်များအကြားတွင် မည်သည့်ခြားနားခြင်းမျှ မရှိသင့်ကြောင်းကိုလည်း ပြသပေးသည် – ပေါလုက ကောလောသဲမြို့သားများထံ ရေးသားခဲ့သည့်အရာမှာ လောဒိကိမြို့သားများအတွက်လည်းဖြစ်ကာ၊ လောဒိကိမြို့သား များထံ ရေးသားခဲ့သည်မှာလည်း ကောလောသဲမြို့သားများအတွက် ဖြစ်သည်။ မည်သို့သော မိတ်သဟာယဖွဲ့ခြင်း၊ တစ်လုံးတစ်ဝဖြစ်ခြင်း၊ ညီညွတ်မျှတခြင်း၊ ရင်းနှီးကျွမ်းဝင်သော ဆက်သွယ်ခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါတကား။

၂။ ပေါလုက တုခိတ်အား သူနှင့်စပ်လျဉ်းသည့် အကြောင်းအရာအားလုံးကို ကောလောသဲမြို့သားများအား သိရှိစေရန် တိုက်တွန်းခဲ့သည်၊ အကြောင်းမှာ လူသစ်တစ်ဦးဖြစ်သည့် ကိုယ်ခန္ဓာတော်၏အသိစိတ် သူ၌ရှိသောကြောင့်ဖြစ်သည်။

ဆ။ ကိုယ်ခန္ဓာတော်၏ ကြီးထွားခြင်းနှင့် တိုးတက်မှုအတွက် ကျွန်ုပ်တို့သည် အသီးသီး မိမိတို့၏ အတိုင်းအတာပမာဏကို သိမှတ်ကာ၊ ၎င်းထက် ကျော်လွန်ခြင်းမရှိရန် အလွန် အရေးကြီးလှပေသည်။ ကျွန်ုပ်တို့သည် အခြားသော ညီအစ်ကို ညီအစ်မများနှင့်အတူ ပေါင်းစည်းခြင်းရှိရန် သင်ယူရမည် – ၁ကော၊၁၂း၁၅–၁၀။ ၂ကော၊၁၀း၁၃–၁၄။

ဇ။ အင်္ဂါဝင်တိုင်းသည် မိမိကိုယ်တိုင်၏စွမ်းရည်ပမာဏကို သိရှိပြီး၊ မိမိ၌ရှိသည်ထက် မြင့်မားစွာ ခံယူစဉ်းစားခြင်း မရှိသင့်ပေ။ အယောက်စီတိုင်းသည် ဤသို့ပြုမည်ဆိုလျှင် အခြားသူများ လုပ်နိုင်သည့်အရာကို မနာလိုဖြစ်ခြင်း၊ ရည်မှန်းချက်ထားခြင်း သို့မဟုတ် မက်မောတောင့်တခြင်းတို့ ရှိတော့မည်မဟုတ်ပေ – ဖိ၊၂း၂–၄။ ရော၊၁၂း၁–၅။

ဈ။ ကိုယ်ခန္ဓာတော်–ဖွင့်ပြခြင်းရှိသည့်နေရာတိုင်း၌ ကိုယ်ခန္ဓာတော်–အသိစိတ်ရှိပြီး၊ ကိုယ်ခန္ဓာတော်–အသိစိတ်ရှိသောနေရာတိုင်း၌ တစ်သီးပုဂ္ဂလဖြစ်ခြင်းဆိုင်ရာ စဉ်းစားမှုနှင့် အပြုအမူတို့သည် ပျောက်ကွယ်သွားသည်။

၁။ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်ကို သိကျွမ်းလိုလျှင် ကျွန်ုပ်တို့၏ အပြစ်ပြည့်ဝသော အသက်တာနှင့် ကျွန်ုပ်တို့၏ ဇာတိဆန်သောအသက်တာမှ ကယ်နုတ်ခံရရန်သာမက၊ တစ်သီးပုဂ္ဂလဖြစ်ခြင်းအသက်တာမှလည်း ကယ်နုတ်ခံရရန် လိုအပ်သည်။

၂။ ခရစ်တော်ကို မြင်ခြင်းမှာ အပြစ်မှ ကယ်နုတ်ခံရခြင်းကို ထွက်ပေါ် လာစေသည်။ ကိုယ်ခန္ဓာတော်ကို မြင်ခြင်းသည် တစ်သီးပုဂ္ဂလဖြစ်ခြင်းဝါဒမှ ကယ်နုတ်ခံရခြင်းကို ထွက်ပေါ် စေသည်။ မြင်ခြင်းမှလွဲ၍ မည်သည့်အရာအားဖြင့်မျှ ကျွန်ုပ်တို့သည် ကိုယ်ခန္ဓာတော်၏ နယ်ပယ်အထဲသို့ ဝင်ရောက်နိုင်မည်မဟုတ်ပါ။

၃။ ကျွန်ုပ်တို့မသိသောအရာကို ကိုယ်ခန္ဓာတော်၏ အခြားအင်္ဂါဝင်တစ်ဦးက သိလိမ့်မည်။ ကျွန်ုပ်တို့မမြင်နိုင်သောအရာကို ကိုယ်ခန္ဓာတော်၏ အခြားအင်္ဂါဝင်တစ်ဦးက မြင်လိမ့်မည်။ ကျွန်ုပ်တို့မလုပ်နိုင်သည့်အရာကို ကိုယ်ခန္ဓာတော်၏ အခြားအင်္ဂါဝင်တစ်ဦးက လုပ်နိုင်လိမ့်မည် – ၁ကော၊၁၂း၁၇–၂၂။

၄။ ကျွန်ုပ်တို့သည် အင်္ဂါဝင်အချင်းချင်း၏ အကူအညီကို ငြင်းပယ်လျှင်၊ ခရစ်တော်၏ အကူအညီကို ကျွန်ုပ်တို့ ငြင်းပယ်နေခြင်းဖြစ်သည်။ အနွေးနှင့်အမြန်ဆိုသလို တစ်သီးပုဂ္ဂလဖြစ်သော ခရစ်ယာန်များအားလုံးသည် ခြောက်သွေ့သွားလိမ့်မည်ဖြစ်သည်။ ကိုယ်ခန္ဓာတော်တစ်ခုလုံးသည် အင်္ဂါဝင်များအကြား အပြန်အလှန်မှီခိုခြင်းမှတစ်ဆင့် တည်ဆောက်ခံရသည် – အငယ်၊၁၂။

၅။ ကျွန်ုပ်တို့အများစုက ကျွန်ုပ်တို့သည် ခြောက်သွေ့ကာ ရှေ့ဆက်သွားရန် နည်းလမ်းမရှိတော့သည့်အခါ၊ ကျွန်ုပ်တို့ရှေ့ဆက်သွားနိုင်ခြင်း မရှိမီ၊ ကျွန်ုပ်တို့အဖို့ ကြားခံဆုတောင်းပေးရန် အခြားညီအစ်ကို ညီအစ်မများကို ကျွန်ုပ်တို့လိုအပ်ကြောင်း ကျွန်ုပ်တို့တွေ့ကြုံခံစားခဲ့ဖူးကြသည် – ဧ၊၁း၁၆။ ကော၊၁း၉။ ဖိ၊၁း၁၉။ ၁သက်၊၅း၂၅။ ၂သက်၊၃း၁။ ကော၊

၄း၃။ ဟေဗြဲ၁၃း၁၈။

**IV. ခရစ်တော်ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်းအတွက် ဘုရားသခင်သည် ကိုယ်ခန္ဓာတော်ကို အတူတကွ ပေါင်းစည်းထားခဲ့သည် (၁ကော၁၂း၂၄)။ *ပေါင်းစည်းခြင်း* ဟူသောစကားလုံးမှာ ''သင့်တင့်မျှတခြင်း''၊ ''ညီညွတ်ခြင်း''၊ ''လိုက်လျောညီထွေဖြစ်ခြင်း'' နှင့် ''ရောနှောပေါင်းစည်းခြင်း''ကို ဆိုလိုကာ၊ ကွဲပြားခြားနားမှု မရှိခြင်းကို ရည်ညွှန်းသည်။ ပေါင်းစည်းခြင်း၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားလုံးကို ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်ပေးရန်ဖြစ်သည်။**

က။ ကျွန်ုပ်တို့သည် ပန်းတိုင်ဖြစ်သော ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအထဲသို့ ခေါ်ဆောင်ခံရရန် အလို့ငှာ ဖြစ်စဉ်နည်းလမ်းဖြစ်သည့် ဒေသန္တရအသင်းတော်များ၌ ရှိရန် လိုအပ်သည်။

ခ။ ဘုရားသခင်၏စီမံကိန်းကို အမှန်တကယ်၊ လက်တွေ့ကျကျ၊ စင်စစ် သယ်ဆောင်နိုင်သည့် သခင်ဘုရားပြန်လည်ရယူခြင်း၏ အမြင့်ဆုံး အထွတ်အထိပ်မှာ ဘုရားသခင်က ရုပ်ပိုင်းဆိုင်ရာနည်းလမ်းဖြင့် ဒေသန္တရအသင်းတော်များစွာကို ထုတ်လုပ်ရန်မဟုတ်ဘဲ၊ ကိုယ်တော်၏ရှင်သန်သောပေါင်းစည်းခြင်းဖြစ်ရန် ရှင်သန်သည့် ကိုယ်ခန္ဓာတော်တစ်ကိုယ်ကို ထုတ်လုပ်ရန်ဖြစ်သည်။

ဂ။ အသင်းတော်သည် မုန့်တစ်လုံးတည်းဖြစ်သည်ဟူသော ပေါလု၏စဉ်းစားချက်မှာ (၁၀း၁၇) သူ၏ကိုယ်ပိုင် တီထွင်မှု မဟုတ်ပါ။ ထိုအစား ၎င်းကို ဓမ္မဟောင်းကျမ်းရှိ ဘောဇဉ်ပူဇော်သက္ကာမှ ယူထားခြင်းဖြစ်သည် (ဝတ်၊ ၂း၄)။ ဘောဇဉ်ပူဇော် သက္ကာ၏ မုန့်ညက်၏ အစိတ်အပိုင်းတိုင်းမှာ ဆီဖြင့် ရောနှောပေါင်းစည်းထားသည် – ဤသည်မှာ ပေါင်းစည်းခြင်းဖြစ်သည်။

ဃ။ ပေါင်းစည်းခြင်းအကြောင်း ပြောဆိုသောသူ ရှိခဲ့လှသည်၊ အကြောင်းမှာ ဤအရာသည် အလွန် မြင့်မား၍ နက်ရှိုင်းလှသည်သာမက၊ လွန်စွာမှ လျှို့ဝှက်နက်နဲလှသောကြောင့်ဖြစ်သည်။ ၎င်းသည် ရုပ်ပိုင်းဆိုင်ရာ အကြောင်းအရာမဟုတ်ပါ။ ကျွန်ုပ်တို့ပေါင်းစည်းခြင်း၏ အရေးကြီးချက်မှာ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းဖြစ်သည်။

င။ ခရစ်တော်ကိုယ်ခန္ဓာတော်၏ စစ်မှန်ခြင်းအတွက် ပေါင်းစည်းရန်အလို့ငှာ ကျွန်ုပ်တို့သည် ကားတိုင်ကို ဖြတ်ကျော်ကာ၊ ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ဝိညာဉ်တော်အားဖြင့် ခရစ်တော်ကို အခြားသူများထံ ဝေငှဖြန့်ဖြူးခြင်း ရှိရမည်ဖြစ်သည်။

စ။ ပေါင်းစည်းခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် အခြားသူများနှင့် မိတ်သဟာယဖွဲ့ခြင်းရှိရန်အလို့ငှာ အမြဲ ရပ်တန့်မှုရှိခြင်းကို ဆိုလိုသည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အသိစိတ်ရှိကာ၊ ခရစ်တော်ကိုယ်ခန္ဓာတော်၏ ပေါင်းစည်းခြင်းနှင့် စစ်မှန်ခြင်း၌ရှိ မည်ဆိုလျှင်၊ ကျွန်ုပ်တို့နှင့်အတူ ညှိနှိုင်းလုပ်ဆောင်နေသည့် အခြားသန့်ရှင်းသူများနှင့်အတူ မိတ်သဟာယဖွဲ့ခြင်း မရှိဘဲ မည်သည့်အရာကိုမျှ လုပ်လိမ့်မည်မဟုတ်ပါ၊ အကြောင်းမှာ မိတ်သဟာယသည် ကျွန်ုပ်တို့ကို သင့်တင့်မျှတစေသည်၊ မိတ်သဟာယသည် ကျွန်ုပ်တို့ကို ကိုက်ညှိပေးသည်၊ မိတ်သဟာယသည် ကျွန်ုပ်တို့ကို ညီညွတ်စေသည်၊ မိတ်သဟာယသည် ကျွန်ုပ်တို့ကို ရောနှောပေါင်းစည်းပေးသည်။

ဆ။ လုပ်ဖော်ဆောင်ဖက်တစ်ဦးသည် တစ်စုံတစ်ရာကို လုပ်ဆောင်မည့်အခါတိုင်း သူသည် အခြားလုပ်ဖော်ဆောင်ဖက်များနှင့်အတူ မိတ်သဟာယဖွဲ့သင့်သည်။ အသက်ကြီးသူတစ်ဦးသည် အခြားအသက်ကြီးသူများနှင့်အတူ မိတ်သဟာယဖွဲ့သင့်သည်။ အသင်းတော်အသက်တာတွင် ကျွန်ုပ်တို့၏ ညှိနှိုင်းလုပ်ဆောင်ခြင်း၌၊ သခင်ဘုရား၏ အလုပ်၌ ကျွန်ုပ်တို့အားလုံးသည် မိတ်သဟာယဖွဲ့ခြင်း မရှိဘဲ မည်သည့်အရာကိုမျှ မလုပ်ရန် သင်ယူရမည်။

ဇ။ တာဝန်ရှိသူ ညီအစ်ကိုများတစ်စုသည် ပေါင်းစည်းခြင်း မရှိဘဲ မကြာခဏ အတူတကွ စည်းဝေးခြင်း ရှိကောင်းရှိနိုင်ပေသည်။ ပေါင်းစည်းခြင်းရှိရန်ဆိုသည်မှာ သင်သည် ကားတိုင်မှတစ်ဆင့် အခြားသူများအားဖြင့် ထိတွေ့ခံရ၍၊ သင်သည်လည်း အခြားသူများကို ထိတွေ့ခြင်း၊ ဝိညာဉ်တော်အားဖြင့် အရာများကို လုပ်ဆောင်ခြင်းနှင့် အရာခပ်သိမ်းကို ကိုယ်ခန္ဓာတော်အဖို့အလို့ငှာ ခရစ်တော်ကို ဝေငှဖြန့်ဖြူးခြင်းအတွက် လုပ်ဆောင်ခြင်းကို ဆိုလိုသည်။

ဈ။ ထိုသို့သော ပေါင်းစည်းခြင်းသည် လူမှုရေးရာမဟုတ်ဘဲ၊ အင်္ဂါဝင်တစ်ဦးချင်းစီတိုင်း၊ နယ်ပယ်ဆိုင်ရာ အသင်းတော်တိုင်း၊ လုပ်ဖော်ဆောင်ဖက်တိုင်းနှင့် အသက်ကြီးသူများ အသီးသီးက မွေ့လျော်ဝမ်းမြောက်သော၊ တွေ့ကြုံခံစားသော၊ ယူဆောင်သော ခရစ်တော်ကိုယ်တော်တိုင်၏ ပေါင်းစည်းခြင်းဖြစ်သည်။

ည။ ပေါင်းစည်းခြင်းသည် ကိုယ်ခန္ဓာတော်ဖြစ်သည်၊ ပေါင်းစည်းခြင်းသည် တစ်လုံးတစ်ဝဖြစ်ခြင်းဖြစ်သည်၊ ပေါင်းစည်းခြင်းသည် သဘောတစ်ညီတစ်ညွတ်ဖြစ်ခြင်း ဖြစ်သည်။

ဋ။ ပေါင်းစည်းခြင်းသည် စကြဝဠာဆိုင်ရာ ခရစ်တော်ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် (ဧ၁း၂၃) ဖြစ်ပြီး၊ ယေရုရှလင်မြို့သစ် (ဗျာ၊ ၂၁း၂) တည်းဟူသော ကိုယ်တော်၏ကောင်းသောကျေနပ်အားရရာအတိုင်း ဘုရားသခင်၏စီမံကိန်းနောက်ဆုံးပန်းတိုင်ကို (ဧ၊၃း၈–၁၀။ ၁း၉–၁၀) ပြီးမြောက်ပြည့်စုံစေရန် ဖြစ်သည်။

*©2020 Living Stream Ministry*